ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
သီးနှံကာကွယ်ရေးဌာနခွဲ

စာအမှတ်၊ PPD-၀၁ / ၂၀၂၃ ( ၁၁၆ )
ရက်စွဲ ၊ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်

အကြောင်းအရာ။ **GACC တွင် မှတ်ပုံတင်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန (Competent Department) သို့ လျှောက်ထားရမည့် လုပ်ငန်းစဉ်များအား အသိပေး အကြောင်းကြားခြင်း**

ရည် ညွှန်းချက် ။ စီမံကိန်းဦးစီးဌာန၏ (၆-၁-၂၀၂၃) ရက်စွဲပါ စာအမှတ်၊ စမက (၆) ၃၂၀၀၄ (၀၁၈/၂၀၂၃)

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ အဓိက စိုက်ပျိုးရေး စားသောက်ကုန်ပစ္စည်း များဖြစ်သော (၁) Unroasted coffee beans and cocoa beans (၂) Fresh and dehydrated vegetables (၃) Plant Seasonings (Plant Spices )(၄) Edible grains(၅) Dried Beans (၆) Oilseeds (Oil plant) နှင့် (၇) Chinese Traditional Medicines (တရုတ်တိုင်းရင်းဆေးပင်) များအား တရုတ်နိုင်ငံသို့ တင်ပို့နိုင်ရန်အတွက် အဆိုပါကုန်ပစ္စည်းများ ထုတ်လုပ်သူ လုပ်ငန်းကုမ္ပဏီများ အနေဖြင့် မှတ်ပုံတင်လုပ်ငန်းများအား China Import Food Enterprise Registration System (CIFER) Online မှ လျှောက်ထားရန် မလိုအပ်တော့ပါကြောင်းနှင့် သက်ဆိုင်ရာ Competent Department မှ တစ်ဆင့် လျှောက်ထားရန် နှင့် GACC မှ မှတ်ပုံတင်ခွင့်ပြုခြင်းများအား http://dzs.customs.gov.cn/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြား လာခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါကုန်ပစ္စည်းများ ထုတ်လုပ်သူ လုပ်ငန်းကုမ္ပဏီများ အနေဖြင့် မှတ်ပုံတင်လုပ်ငန်းများအား ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနသို့ လိပ်မူ၍ (Hard Copy, Soft Copy ပူးတွဲလျှက်) လျှောက်ထားရန်နှင့်၊ “Competent Department” မှ စစ်ဆေးအတည်ပြုမည်ဖြစ်ပြီး၊ မှန်ကန်ပြည့်စုံသော လျှောက်ထားမှုများ ကိုသာ “Competent Authority” ထောက်ခံချက်ဖြင့် တရုတ်နိုင်ငံ GACC အောက်ရှိ “Department of Animal and Plant Quarantine” ဌာနထံ မှတ်ပုံတင်နိုင်ရေး အတွက် ဆက်လက်ပေးပို့သွားမည်ဖြစ်ပါသည်။

၃။ အခြား စိုက်ပျိုးရေးစားသောက်ကုန်ပစ္စည်းများဖြစ်သော (၁) Nuts and Seeds (၂) Dried fruits နှင့် (၃) Grain milling industrial products and Malt တို့အတွက် မှတ်ပုံတင်ခြင်းအား ယခင်လျှောက်ထားသည့် China Import Food Enterprise Registration System (CIFER) Online မှ တစ်ဆင့် ဝင်ရောက်လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ GACC မှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုက်နာ ဆောင်ရွက်နိုင်ပါရန်နှင့် စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (Procedure) များအား ပူးတွဲပေးပို့ အသိပေး အကြောင်းကြားပါသည်။

15.2.2023

(ဇော်လင်း)

ညွှန်ကြားရေးမှူး

**ဖြန့်ဝေခြင်း**

- မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) (ညီနောင်အသင်းများ၊ အသင်းဝင်များသို့ ထပ်ဆင့်ဖြန့်ဝေပေးပါရန်)
- မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့် ဝေပေးပါရန်)
- မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်း (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့် ဝေပေးပါရန်)
- မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်း (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့် ဝေပေးပါရန်)
- မြန်မာနိုင်ငံကော်ဖီအသင်း (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့် ဝေပေးပါရန်)
- မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း(အသင်းဝင်များသို့ ထပ်ဆင့်ဖြန့် ဝေပေးပါရန်)
- မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (MCCI) (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့် ဝေပေးပါရန်)
- ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (အသင်းဝင်များသို့ ထပ်ဆင့်ဖြန့် ဝေပေးပါရန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန<br>
ဒုတိယ ညွှန်ကြားရေးမှူးချုပ် (နည်းပညာ)၊ စိုက်ပျိုးရေးဦးစီးဌာန<br>
ရုံးလက်ခံ